## ဗွီအိုအေ မြန်မာပိုင်းအစီအစဉ်
## ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်၊ ညပိုင်းအစီအစဉ်

**ဗွီအိုအေ။** ။ သောတရှင်များခင်ဗျာ။ မြန်မာနိုင်ငံမှာ ၁၉၉၀ ပြည့်နှစ်က ရွေးကောက်ပွဲမှာအနိုင်ရခဲ့တဲ့ နိုင်ငံရေးပါတီတွေက လွှတ်တော်ကိုယ်စားလှယ်တွေနဲ့စုစည်းပြီးဖွဲ့စည်းထားတဲ့ CRPP ခေါ် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီထူထောင်ခဲ့တဲ့ ၆ နှစ်မြောက် အထိမ်းအမှတ်အဖြစ် ပြည်ပရောက် NCGUB ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရက ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ပါတယ်။ အချုပ်အခြာအာဏာဟာ ပြည်သူလူထုထံမှဆင်းသက်သည်ဆိုတဲ့စကားရပ်ကို ကြေညာချက်မှာအဓိကထားဖော်ပြထားပြီး လူထုကရွေးကောက်တဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လွှတ်တော်ခေါ်ယူရေးနဲ့ လူထုကိုယ်စားပြုလုပ်ပိုင်ခွင့်တွေကို မြန်မာစစ်စိုးရအနေနဲ့ဟန့်တားမထားသင့်ကြောင်း ဖော်ပြထားပါတယ်။ ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးကျဉ်းသားတွေ ပြန်လွှတ်ပေးရေး၊ ဖျက်သိမ်းခံထားရတဲ့တိုင်းရင်းသားပါတီတွေနဲ့ နိုင်ငံရေးပါတီတွေကို လွတ်လွတ်လပ်လပ်လှုပ်ရှားခွင့်ပေးရေး၊ ပြည်သူတွေကို လွတ်လွတ်လပ်လပ်နိုင်ငံရေးလှုပ်ရှားခွင့်ပေးရေး၊ လွတ်လပ်စွာဆန္ဒသဘောထား ထုတ်ဖော်ခွင့်၊ ရေးသားခွင့်များပေးရေးစတာတွေကိုလည်းတောင်းဆိုထားပါတယ်။ ဒီကြောင်းတွေနဲ့ပတ်သက်ပြီး ဗွီအိုအေက အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်မှာရှိနေတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒေါက်တာစိန်ဝင်းကို ဆက်သွယ်မေးမြန်းခဲ့ပါတယ်။ ဒီကနေ့ဟာ CRPP ခေါ် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းတဲ့ ၆ နှစ်မြောက်နေ့၊ အဲဒီနေ့အတွက်ကို ဒီပြည်ပမှာရှိနေတဲ့ ဒီနိုင်ငံရေးအင်အားစုတွေပေ့ါနော်။ နောက် ဒီ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသာညွန့်ပေါင်းအစိုးရကလည်း ကြေညာချက်ထုတ်ပြန်ထားပြီးတော့ CRPP ကိုထောက်ခံထားတာတွေ့ရတယ်။ အဲဒီတော့ CRPP အဖွဲ့ရဲ့ ပြည်တွင်းကလှုပ်ရပ်တွေကို ဒီလိုကြေညာချက်ထုတ်ပြန်ပြီးတော့ထောက်ခံတဲ့အပြင် တခြားပံ့ပိုးမှုတွေဘာတွေလုပ်ပေးသလဲဆိုတာ နည်းနည်းရှင်းပြပါခင်ဗျာ။

**ဒေါက်တာစိန်ဝင်း။** ။ ကျွန်တော်တို့မြင်တာကတော့ CRPP က NLD ကလွှတ်တော်ကိုယ်စားလှယ်တွေ၊ နောက် တိုင်းရင်းသားနိုင်ငံရေးအဖွဲ့အစည်းတွေရဲ့ လွှတ်တော်ကိုယ်စားတွေနဲ့စုပေါင်းဖွဲ့စည်းထားတယ်ဆိုတော့ နောက်ပြီးတော့ အဲဒီက စာတမ်းတွေဘာတွေထွက်လာပြီဆိုရင်လည်း ဒီဖက်က ဘာသာပြန်ဖို့၊ ဘာဖို့၊ ပြန်ပြင်ဖို့ အဲဒါမျိုးတွေကျွန်တော်တို့လုပ်ပါတယ်။

**ဗွီအိုအေ။** ။ ဆိုတော့ အထူးသဖြင့် ဒီ NCGUB ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ရုံးအနေနဲ့ အမေရိကန်ပြည်ထောင်စုမှာ ဝါရှင်တန်မြို့တော်မှာရှိနေတယ်ဆိုတော့ အမေရိကန်ပြည်ထောင်စုအစိုးရဖက်ကရော ဒီ CRPP အပေါ်ဘယ်လိုသဘောထားသလဲ။

**ဒေါက်တာစိန်ဝင်း။** ။ အဲဒါကတော့ NLD အပေါ်မှာသဘောထားသလိုပါပဲ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD အပေါ်မှာသဘောထားသလိုပါပဲ။ ဒီ နအဖကို သူတို့အနေနဲ့ကလက်ခံတာမှမဟုတ်တာ။ ဆိုတော့ CRPP ကို NLD လိုသဘောထားသလိုပဲ၊ ဒေါ်အောင်ဆန်းစုကြည်တို့ကို သဘောထားသလိုပဲ ဒီလိုပဲသဘောထားပါတယ်။ အမှန်ကတော့ CRPP က ဒီလွှတ်တော်ကိုယ်စားပြုကော်မတီဆိုတော့ လွှတ်တော်မပေါ်ခင်မှာ ဒါဟာ လွှတ်တော်ရဲ့ကိုယ်စားပြုတဲ့သဘောဖြစ်တယ်။ NLD ကတော့ ကျနော်တို့ဒီရွေးကောက်ပွဲမှာ အနိုင်ရပါတီ နအဖကသာ သူတို့ရဲ့ ကတိကဝတ်တွေမပျက်ဘူးဆိုရင် ဒါ NLD ကနေပြီးတော့ အနိုင်ရပါတီဖြစ်မယ်။ NLD ကနေပြီးတော့ ကမကထပြုပြီးတော့ နေရှင်းနယ်ကော်ဗင်းရှင်း (National Convention) ပေ့ါ ဒါမျိုးတွေခေါ်မယ်။ ဒါက ကျနော်တို့ ရွေးကောက်ပွဲစာတမ်းထဲမှာအတိအလင်းပါတယ်။ အဲ နောက်ပြီး ကျနော်တို့နောက်ထပ် ဒီမိုကရေစီနည်းအရ ဆက်တိုက်ဆက်တိုက်သွားဖို့ပဲ။ အဲဒါမသွားနိုင်ပဲနဲ့ ကျနော်တို့ နအဖကနေပြီးတော့ ပိတ်ထားတယ်။ အရှေ့သွားရမယ့်လမ်းကို။ နောက် CRPP ကတော့ လွှတ်တော်မပေါ်ခင်မှာ လွှတ်တော်ကိုယ်စားပြုကော်မတီဆိုတော့ သူက လွှတ်တော်ရဲ့လုပ်ရမယ့်အလုပ်တချို့ လုပ်မယ်ဆိုတဲ့သဘောမျိုး လုပ်မယ်ဆိုပြီးတော့ ရာထားတဲ့သဘောမျိုးပေ့ါနော်။

**ဗွီအိုအေ။** ။ ဒါဆိုလို့ရှိရင် အခုလက်ရှိ မြန်မာစစ်အစိုးရကနေပြီးတော့ ဦးစီးပြီးကျင်းပနေတဲ့ အမျိုးသားညီလာခံ အမျိုးသားညီလာခံမှာ အဓိကကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးမယ် ပြီးလို့ရှိရင် ရွေးကောက်ပွဲအသစ်တွေပြန်ပြီးတော့ကျင်းပမယ်ဆိုတော့ ဒီလုပ်ငန်းစဉ်နဲ့ ဒီ CRPP နဲ့ကဘယ်လိုကွာဟချက်တွေရှိသလဲခင်ဗျာ။

**ဒေါက်တာစိန်ဝင်း။** ။ အခု နေရှင်နယ်ကော်ဗင်းရှင်း (National Convention) ဆိုတာ တကယ်တမ်း ကျနော်တို့အနှစ်သာရပေးတဲ့ နေရှင်နယ်ကော်ဗင်းရှင်း (National Convention) လည်းမဟုတ်ဘူး။ ဟုတ်လား။ ခေါင်းခေါက်ပြီးရွေးထားတဲ့လူတွေအများစုကနေပြီးတော့ သူတို့လိုချင်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုဖို့ပဲဖြစ်တယ်။ ဒါမပြုနိုင်လို့ သူတို့ကြားထဲမှာ ရပ်နေချင်ရပ်နေမယ်။ ၁၉၉၃ တုန်းကလည်း သူတို့စခဲ့တာပဲ။ အဲဒါနဲ့ ကျနော်တို့ CRPP တို့နဲ့ ဘာမှ ဆက်စပ်မှုမရှိဘူးလို့မြင်တယ်။ နောက်ပြီးရင် ဒီ အမျိုးသားညီလာခံ နေရှင်နယ်ကော်ဗင်းရှင်း (National Convention) ပြီးသွားရင်လည်းဘာမှမထူးဘူး။ ဒါက သူတို့သွားနေကြလမ်းကိုသွားနေတဲ့ပုံစံပဲ။ ၇၄ လမ်းစဉ်ကိုပြန်သွားနေတဲ့ပုံစံပဲ။ ဆိုတော့ ဒါကိုလုံးဝ မပြင်ဘူး။ ဒီ အမျိုးသားညီလာခံကိုမပြင်ပဲနဲ့ ဒီအတိုင်းဆက်သွားရင် ဒီပုံစံပဲရောက်မယ်လို့မြင်ပါတယ်။

**ဗွီအိုအေ ။** ။ ဆိုတော့ အခု ဒီအမျိုးသားညီလာခံကို NLD ကမတက်ဘူး။ နောက်ပြီးတော့ တခြား ဒီ အတိုက်အခံပါတီတွေထဲက တခြားပါတီကြီးတချို့ကမတက်ဘူးဆိုပြီး သပိတ်မှောက်ပြီးတဲ့နောက်ပိုင်းမှာ CRPP ရဲ့ လှုပ်ရှားမှုဟာနည်းနည်းလေး ပိုပြီးတော့များလာတာကိုတွေ့ရတယ်ခင်ဗျာ။ အဓိပ္ပါယ်ကတော့ဘာလဲခင်ဗျာ။

**ဒေါက်တာစိန်ဝင်း။** ။ အဲဒါကတော့ ကျနော်တို့ပြည်တွင်းကို မေးကြည့်မှပဲသိမှာပေါ့။ ကျနော်တို့က ပြည်တွင်းကလှုပ်ရှားမှုကို ကျနော်တို့က ပံ့ပိုးဖို့ဆိုတာ။ ဆုံးဖြတ်တာ၊ လှုပ်ရှားတာက ပြည်တွင်းကလှုပ်ရှားမှာပဲ။ ဒါပေမယ့် အခုနကပြောခဲ့တဲ့အတိုင်းပဲ အမျိုးသားညီလာခံအပေါ်မှာတော့ ကျနော်တို့ Host Hope ပေါ့နော်။ Host Illusion ပေါ့နော်။ ကျနော်တို့ စိတ်ကူးမယဉ်ဖို့ပေါ့။ ဒီလောက်ဆိုရင် ကျနော်တို့သိပြီ။ ပုံစံကဘယ်လိုသွားးလဲ။ ခုနက ကျနော်တို့ပြောသလိုပဲ အဲဒီတော့ CRPP နဲ့ အမျိုးသားညီလာခံနဲ့ ဘာနဲ့ ဒါတွေဟာဘာမှ အဆက်အစပ်မရှိဘူး။

**ဗွီအိုအေ။** ။ ဟုတ်ကဲ့။ ဒါဆိုလို့ရှိရင် ဒီနေ့ ၆ နှစ်ပြည့်တဲ့နေ့မှာ CRPP ရဲ့လုပ်ငန်းရပ်တွေနဲ့ပတ်သက်ပြီးတော့ ခြုံငုံပြီးတော့ဘယ်လိုသုံးသပ်ပါသလဲခင်ဗျာ။

**ဒေါက်တာစိန်ဝင်း။** ။ အဲ လုပ်နိုင်သလောက်တော့သူတို့လုပ်တာပဲ။ ဒီကြားထဲမှာ ဟုတ်လား ဒေါ်အောင်ဆန်းစုကြည်ကိုဖမ်းတယ်။ ဦးတင်ဦးကိုဖမ်းတယ်။ ဟို လှုပ်ရှားမှုတွေကိုဖိနှိပ်နေတယ်။ အဲ ဒီကြားထဲကနေ ဒီလောက်လုပ်နိုင်တယ်ဆိုတာ အဲ ကျနော်တို့အနေနဲ့အားရရမှာပေါ့နော်။ ဒါမှ ဒီဟာမပြီးသေးပါဘူး။ ကျနော်တို့ ဆက်သွားကြမှာပါပဲ။

**ဗွီအိုအေ။** ။ ပြည်ပရောက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ်ဦးစိန်ဝင်းနဲ့ဆက်သွယ်မေးမြန်းခဲ့တာဖြစ်ပါတယ်။